ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ဝင်းကြီးကျေးရွာ၊ ဝင်းကြီးကျေးရွာအုပ်စု

၂၀၁၈ ခုနှစ်　　　　ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ..................................................................................................... ၂

၂။ဝင်းကြီးကျေးရွာအုပ်စုမြေပုံ..................................................................................................... ၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း........................................................ ၄

၄။ကျေးရွာအခြေခံအချက်အလက်များ............................................................................................. ၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်.................. ၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ..........၇-၂၁

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ................၂၁-၂၄

၈။ ကျေးရွာကော်မတီဝင်များစာရင်း..................................................................................၂၅-၂၆


၉။ပုံစံစ-၁။ကျေးရွာအချက်အလက် ..................................................................................၂၇-၂၉

၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........................................................................ ၃၀-၃၃

၁၁။အစည်းအဝေးမှတ်တမ်းများ..........................................................................................၃၄-၃၇


၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).........................................၃၈

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ဝင်းကြီး အုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

### ၁။ဝင်းကြီးကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ ဝင်းကြီးကျေးရွာသည် ယခင်က တံတားမြို့၏ အရှေ့မြောက်ဘက် သုံးခွမြို့နယ် ဆယ်ရွာကျေးရွာ၏ အရှေ့ဘက်တစ်မိုင်ခန့် အကွာတွင်ရှိပြီး ခေတ်ကာလ မကောင်းသောကြောင့် ဆယ်ရွာကျေးရွာ၏ တောင်ဘက်ယခု တည်နေရာဖြစ်သော နယ်စပ်နေရာသို့ ပြောင်း ရွှေ့နေထိုင်ကြသည်မှာ နှစ် (၆၀) ခန့် ကြာခဲ့ပြီဖြစ်သည်။ ရွာနှင့် အနီးဆုံးမြို့(၂) မြို့၊ အနောက်တောင် ဘက်တွင် တံတားမြို့ အကွာဝေးအားဖြင့် (၅)မိုင်၊ ရွာ၏ အနောက်မြောက်ဘက်တွင် သုံးခွမြို့ အကွာဝေး အားဖြင့် (၉) မိုင်ခန့် ကွာဝေးပါသည်။ ဗုဒ္ဓဘာသာသာ လူမျိုးအများစု နေထိုင်ပြီး ခရစ်ယာန်ဘာသာဝင် (၁၅)စု နေ ထိုင်ကြသည်။ စုစုပေါင်း အိမ်ထောင်စုမှာ (၃၈၅) ရှိပြီး၊ လူဦးရေ(၁၇၄၈) ဦး၊ ကျား (၈၉၄)၊ မ(၈၅၄) ဦး ရှိပါသည်။ ကျေးရွာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ခရစ်ယာန် ဘုရားကျောင်းတစ်ကျောင်း၊ စာသင်ကျောင်း တစ် ကျောင်း (အ.မ.က) ရှိသည်။ သောက်သုံးရေကန်(၃) ကန်၊ လျှပ်စစ်မီး ရရှိပြီး ဖြစ်သည်။ စီးပွားရေး အနေဖြင့် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး လယ်ယာမြေ ဧကပေါင်း (၄၆၄၅) ရှိသည်။ အဓိက ဝင်ငွေရလုပ်ငန်းမှာ (စပါး၊ပဲတီစိမ်း)၊ ငါးဖမ်းလုပ်ငန်းများ ဖြစ်သည်။ ကျေးရွာတွင် ကျပန်းအလုပ်သမား အများစု နေထိုင်ကြသည်။

## ၂။လူနည်းစု၊ လူမျိုးစု အိမ်ထောင်စုများ

| **အမျိုးအစား** | **အိမ်ထောင်စု** | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| **ခရစ်ယာန်** | ၁၅ | ၃၀ | ၅၀ | ၈၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| **ထိခိုက်လွယ်အုပ်စု** | **အိမ်ထောင်စု** | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| သက်ကြီး | ၃ | ၂ | ၁ | ၃ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၅ | ၃ | ၂ | ၅ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| **စိုက်ပျိုးရေး** | **မွေးမြူရေး** | **အသေးစားစီးပွားရေး** | **အခြား** |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | | |
| | ဆိတ် | | |
| | ဘဲ | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| **အမျိုးအစား** | **အိမ်ထောင်စု** | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| **ခရစ်ယာန်** | **၁၅** | **၃၀** | **၅၀** | **၈၀** |

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၆၄၅ | ၈၄.၈၅ | - | - | ၃ | ၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | - | ၂၀ | - | - | - | ၁၀ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၅ | ၁၀၀ | ၁၀၀ | ၁၀ | ၅၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၇၀ | ၁၀၅ | - | ၁၇၀ | ၅၀ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၆-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၂ | ၁၀ | ၂၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၆-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၉ | ၁၂ | ၂၁ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၆-၁၁-၂၀၁၄ | ပြေလည်၊ အလယ်အလတ်ပြေလည်၊ နွမ်းပါး၊ အလွန်နွမ်းပါး | ၁၀ | ၉ | ၁၉ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၆-၁၁-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၂ | ၁၃ | ၂၅ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၆-၁၁-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | | ၃၈ | ၇၈ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၆-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀ | ၁၅ | ၂၅ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

**၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**





**သုံးသပ်ချက်**

ဝင်းကြီးကျေးရွာတွင် ရွာလယ်လမ်းမကြီးတစ်လမ်း၊ လမ်းသွယ်(၇) လမ်းနှင့် ရွာအရှေ့ပိုင်းတွင် လမ်းတစ်လမ်း ရှိပါသည်။ လမ်းမကြီး၊ အရှေ့ပိုင်းလမ်းနှင့် လမ်းသွယ် (၆) လမ်းမှာကွန်ဂရစ်လမ်း ဖြစ်ပြီး ကျန်လမ်းတစ်လမ်းမှာ အုတ်စီအုတ်ခဲလမ်း ဖြစ်သည်။ ဝင်းကြီးကျေးရွာတွင် ရေကန်(၃) ကန်၊ ရွာဦးဘုန်းကြီးကျောင်း တစ်ကျောင်း၊ (အ.မ.က) စာသင်ကျောင်း တစ်ကျောင်း၊ စေတီတစ်ဆူ၊ ဓမ္မာရုံ၊ ဆွမ်းစားကျောင်းနှင့် သိမ်၊ ခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်းလည်း ရှိပါသည်။ အုပ်ချုပ်ရေးရုံး၊ စာကြည့်တိုက်လည်းရှိပါသည်။

ရွာချင်းဆက်လမ်း မရှိသည့်အတွက် ကျေးရွာထဲသို့ ကားများ ဝင်ရောက်ရန် အလွန်ခက်ခဲပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် ဝင်ငွေ သိပ်မရှိသည့် မပြေလည်သူများ ပေါများရခြင်း ဖြစ်သည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ဝင်းကြီးကျေးရွာ
ဝင်းကြီးကျေးရွာအုပ်စု
ကျောက်တန်းမြို့နယ်
၁၅.၁၁.၁၇

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်


| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | % |
|---|---|---|---|
| ပြေလည်သော | သွပ်မိုး၊ တိုက်ခံ၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ထွန်စက်၊ TV၊ နွားများ၊ လယ်ဧက ၆၀၊ | ၅ | ၁.၃% |
| အလယ်အလတ်ပြေလည်သော | သွပ်မိုး ပျဉ်ကာ ပျဉ်ခင်း၊ ဆိုင်ကယ် စက်ဘီး၊ TV လယ်ဧက ၂၀နှင့်အထက် | ၃၀ | ၇.၈% |
| ဆင်းရဲ | လက်လုပ်လက်စား၊ စက်ဘီး၊ TV ဆိုင်ကယ်၊ သွပ်မိုး၊ ပျဉ်ခင်း ထရံကာ | ၁၅၀ | ၃၈.၉၆% |
| အလွန်ဆင်းရဲ | ဓနိမိုး ဝါးခင်း၊ လက်လုပ်လက်စား | ၂၀၀ | ၅၁.၉၄% |
| ပါဝင်ဆွေးနွေးသူ | | ၃၈၅ | ၁၀၀% |

ကျား – ၁၀ ဦး
မ – ၉ ဦး

## သုံးသပ်ချက်

ဝင်းကြီးကျေးရွာတွင် ပြေလည်သောအဆင့်၊ အလယ်အလတ် ပြေလည်သောအဆင့်၊ နွမ်းပါးသော အဆင့်ဟူ၍ ရွာသားများက သတ်မှတ်ကြသည်။ ပြေလည်သော အိမ်ထောင်စုသည် သွပ်မိုး၊ တိုက်ခံအိမ်များ ဖြစ်ပြီး ဆိုင်ကယ်၊ ထော်လာဂျီ၊ ထွန်စက်၊ တီဗွီ၊ နွားပျံစက်နှင့် လယ်ဧက(၆၀) ပိုင်ဆိုင်ပါသည်။ အလယ်အလတ်ပြေလည်သော မိသားစု သည် သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဖြစ်ပြီး ဆိုင်ကယ်၊ စက်ဘီး၊ တီဗွီနှင့် လယ်ဧက(၂၀) နှင့်အထက် ပိုင်ဆိုင်ပါသည်။ နွမ်းပါးသော မိသားစုများတွင် လက်လုပ်လက်စားများဖြစ်ပြီး သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာအိမ်များဖြင့် နေထိုင်ပြီးစက်ဘီး၊ တီဗွီ၊ ဆိုင်ကယ်များ ပိုင်ဆိုင်ကြပါသည်။ အလွန်နွမ်းပါးသော မိသားစုများသည် ဓနိမိုး၊ ဝါးခင်းအိမ်များဖြစ်ပြီး လက်လုပ်လက်စားများ အများစု နေထိုင်ကြပါသည်။ အဆင့် သတ်မှတ်ချက်အရ ပြေလည်သော အိမ်ထောင်စု(၁.၃%)၊ အလယ်အလက် ပြေလည်သော အိမ်ထောင်စု(၇.၈%)၊ နွမ်းပါးသော အိမ်ထောင်စု(၃၈.၉၆%)၊ အလွန်နွမ်းပါး သောအိမ်ထောင်စု(၅၁.၉၄%)၊ ရှိသည့်အတွက် ဝင်းကြီးကျေးရွာတွင် ဥစ္စာဓနပိုင်ဆိုင်မှု အားနည်း၍ ဆင်းရဲသောကျေးရွာ ဖြစ်သည်ဟု သုံးသပ်မိပါသည်။

၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



ဝင်းကြီးကျေးရွာ
ဝင်းကြီးကျေးရွာအုပ်စု

"ရာသီခွင်ပြ ပြက္ခဒိန်"

ကျောက်တန်းမြို့နယ်
၁၅.၁၁.၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | နွေ | နွေ+မိုး | မိုး | မိုး | မိုး | မိုး | ဆောင်း | ဆောင်း | ဆောင်း | ဆောင်း | နွေ | နွေ |
| စိုက်ပျိုးရေး (စပါး) | | | ပျိုးကြဲ | ပျိုးနုတ် | စိုက်ပျိုး | စိုက်ပျိုး | စိုက်ပျိုး | ရိတ် | | | | |
| (ပဲ) | | | | | | | | | စိုက် | စိုက် | ရိုးနုတ် | |
| ရွှေ့ပြောင်းရေး | ← ကြက်၊ ဝက်၊ ဆိတ် → | | | | | | | | | | | |
| ဝင်ငွေရရှိမှု | နည်း | နည်း | နည်း | နည်း | နည်း | နည်း | အသင့်အတင့် | များ | အသင့်အတင့် | အသင့်အတင့် | များ | များ |
| ပွဲတော် | သင်္ကြန် | ညောင်ရေသွန်း | | | | | မီးထွန်းပွဲ | | | | | အလှူပွဲ |
| ကျန်းမာရေး | | | | ဖျား၊ နာ၊ တုပ်ကွေး | | | | | | | | |

ပါဝင်ဆွေးနွေးသူ
(ကျ) ၉ ဦး မ (၁၂) ဦး

**သုံးသပ်ချက်**

**ရာသီဥတု-** ဝင်းကြီးကျေးရွာတွင် နွေ၊ မိုး၊ ဆောင်း(၃) ပါးလုံး သင့်တင့် မျှတပါသည်။

**စိုက်ပျိုးရေး-** စပါးကို နယုန်လတွင် ပျိုးကြဲပြီး၊ ဝါခေါင်လတွင် စိုက်ပျိုး တန်ဆောင်မုန်းလတွင် ရိတ်သိမ်းကြပါသည်။ ပဲတီစိမ်းကို နတ်တော်လတွင် စိုက်ပျိုးပြီး တပို့တွဲလတွင် ရှူးဆွတ်ကြပါသည်။


**မွေးမြူရေး -** မိသားစု တပိုင်တနိုင်ဝင်ငွေ ရရှိရန်အတွက် ကြက်၊ ဝက်၊ ဆိတ် တို့ကို မွေးမြူကြပါသည်။

**ကျန်းမာရေး-** ဝါဆိုဝါခေါင်လသည် မိုးရာသီဖြစ်သောကြောင့် တုပ်ကွေးရောဂါများ အဖြစ်များကြပါသည်။ ကျန်သောလများတွင် ဖျားနာမှု သိပ်မဖြစ်ပါ။

**ပွဲတော်များ-** တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တပေါင်းလတွင် ရဟန်းခံရှင်ပြုပွဲများ ကျင်းပကြပါသည်။

**ဝင်ငွေ** သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ တပို့တွဲလများတွင် ရာသီ သီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင် နေ့စားလုပ်ငန်းများသာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေ နည်းပါးပါသည်။


## ၄။ ဗင်းပုံစံသုံးသပ်ချက်။



### သုံးသပ်ချက်

ဝင်းကြီးကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြုအဖွဲ့၊ လယ်ယာစီမံကော်မတီ၊ အမျိုးသမီးရေးရာ၊ မီးလင်းရေးကော်မတီ၊ ပတ်မြန်မာ၊ မြစိမ်းရောင်အဖွဲ့တို့သည် ကျေးရွာလူထုနှင့် ထဲထဲဝင်ဝင်ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များအတွက်စီစဉ်ဆောင်ရွက်နေသည်။ မီးသတ်အဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ မီးလင်းရေးအဖွဲ့၊ လမ်းကော်မတီ၊ ဂေါပကအဖွဲ့တို့သည် အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ချိတ်ဆက်နေသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်၊ မြို့နယ်လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊ ငါးလုပ်ငန်း၊ စိုက်ပျိုးရေးဘဏ်၊ မြစိမ်းရောင်၊ ကျန်းမာရေး ဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဌာန၊ လယ်ယာစီမံကော်မတီ၊ လျှပ်စစ်ဌာနတို့သည် ကျေးရွာအဖွဲ့အစည်းများနှင့် ကဏ္ဍ အသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။ မြို့နယ်မီးသတ်ဌာနနှင့်မြို့နယ်ရဲတပ်ဖွဲ့တို့သည် ကျေးရွာ၏အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ချိတ်ဆက်ထားပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ပညာရေး** အမျိုးသမီးများသည် အမျိုးသားများထက် ပညာရေးအပိုင်းတွင် ပို၍အားသာကြပါသည်။

**လူမှုရေး** ကျေးရွာ၏သာရေးနာရေးတွင် ပူးပေါင်းပါဝင်ရာတွင် အမျိုးသမီးများသည် ပါဝင်မှုအားကောင်းကြသည်။

**ကျန်းမာရေး** ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတရှိမှုတွင် အမျိုးသမီးများသည် ပညာတတ်မြောက်မှုတွင် အားသာသောကြောင့် ပိုမိုအားကောင်းကြပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းရရှိမှု** ကျေးရွာတော်တော်များများတွင် တွေ့ရသကဲ့သို့ ဝင်းကြီးကျေးရွာတွင်လည်း အမျိုးသားများသည် အမျိုးသမီးများထက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပေါများကြပါသည်။


**ဝင်ငွေရရှိမှု** အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းပေါများသောကြောင့် ဝင်ငွေပိုမိုရရှိကြပါသည်။


**ဆုံးဖြတ်ချက်ချပိုင်ခွင့်** မြန်မာလူမျိုးတို့၏ ရှေးရိုးစွဲထုံးတမ်းအစဉ်အလာအရ အိမ်ထောင်စုတစ်ခုတွင် မည်သည့်ကိစ္စကိုမဆို ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများသာ ဦးဆောင်ကြပါသည်။

**အိမ်မှုကိစ္စ** အမျိုးသမီးများသည် အိမ်ထောင်တစ်ခုတွင် အိမ်မှုကိစ္စလုပ်ရမည်ဟူသော အစဉ်လာကြောင့် ပို၍လုပ်ကိုင်နေကြရပါသည်။

**အဖွဲ့အစည်းများတွင်ပါဝင်မှု** အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အချိန်ကုန်ကြရသဖြင့် အဖွဲ့အစည်းများတွင် ဦးဆောင်ပါဝင်ရာ၌ အားနည်းပါသည်။

၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။






**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏အရင်းအမြစ်များဖြစ်သော မီး၊ အုပ်ချုပ်ရေးမှူးရုံး ၊ ဆိုင်ကယ်၊ လယ်၊ စေတီ၊ လျှပ်စစ်မီး၊ တံတား၊ ဘုန်းကြီးကျောင်း၊ သိမ်၊ ချောင်း၊ စသည်တို့ကို အမျိုးသားများ ထိန်းချုပ်ထားပြီး အမျိုးသမီးများသည် ဈေးဆိုင် ၊ အပ်ချုပ်စက်များကို ထိန်းချုပ်ထားပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများသည် စာကြည့်တိုက်၊ လမ်း၊ဓမ္မာရုံ၊ ရေကန်၊ အိမ်၊ စာသင်ကျောင်း စသည်တို့ကို ထိန်းချုပ်ထားသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော စေတီ၊ ချောင်း၊ အုပ်ချုပ်ရေးမှူးရုံး ၊ စေတီ၊ စာကြည့်တိုက်၊ ရေကန်၊ လျှပ်စစ်မီး၊ တံတား၊ အိမ်၊ ဓမ္မာရုံ တို့ကို အမျိုးသားများနှင့် အမျိုးသမီးများ သုံးပြုကြပါသည်။ အမျိုးသမီးများသည် ဈေးဆိုင်၊ စက်ချုပ်စက် တို့ကို သုံးစွဲပြီး အမျိုးသားများသည် သိမ်၊ အုပ်ချုပ်ရေးမှူးရုံး ၊ ဆိုင်ကယ်၊ လယ်ယာမြေ တို့ကိုသုံးစွဲနေကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည် ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာ ဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၆.၇.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး | √ | | |

| | | | | |
|---|---|---|---|---|
| | ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များမှတ်တမ်းတင်ဓါတ်ပုံ







အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ

| |
|---|
|  |
| **လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ** |

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးသိန်းပိုင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ခင်ခင်ဆွေ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးသိန်းထိုက်ဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးဝင်းချို | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်အမာစိန် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးထွန်းဆင့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးအောင့်စိုး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်အေးသိန်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးမျိုးမျိုး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးမောင့်တင့် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်အေးအေး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးဘုန်းဇံ | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်အေးနွဲ့ | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးစိုးဟန် | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်စီစီမြင့် | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ရင်ထွေး | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၇ | ဦးဌေးလွင် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၇) ယောက်    ကျား-(၁၀) ယောက် + မ(၇) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

**၁။**ဦးသိန်းပိုင် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

၂။ဒေါ်ခင်ခင်ဆွေ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

၃။ဒေါ်မူမူလွင် ဘဏ္ဍာရေးဆက်ကော်မတီဥက္ကဌ

၄။ဒေါ်တင်မော်လွင် ဘဏ္ဍာရေးဆက်ကော်မတီ၊ စာရင်းကိုင်

၅။ဦးကျော်ဇင်လတ် ဘဏ္ဍာရေးဆက်ကော်မတီ၊ အဖွဲ့ဝင်

၆။ဦးအောင်ဝင်း အုပ်စုအဖွဲ့ဝင်

၇။ဦးသက်ဇော် အုပ်စုအဖွဲ့ဝင်

၈။ဒေါ်စန်းမြရီ အုပ်စုအဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးစိုးထိုက်အောင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၅.၁၁.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးနိုင်ဝင်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၄၂၀၀၇၁၁၅၃ | လူထုစည်းရုံးရေးမှူး၏ အမည် ဦးရဲထိုက်အောင် |
| ပြည်နယ်၊တိုင်းဒေသကြီး- [illegible] မြို့နယ် - [illegible] | ကျေးရွာအုပ်စု ဝင်းကြီး | ကျေးရွာ ဝင်းကြီး |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ | ၃၆၅ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၃၆၅ |
| လူမျိုးစု (၂) ---[illegible] | ၂၀ | ဘာသာ (၂) ---ခရစ်ယာန် | ၂၀ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | ဗုဒ္ဓ | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၀ | ဗုဒ္ဓ. | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၈၉၉ | ၈၅၂ |
| လူမျိုးစု (၁)---ဗမာ | ၈၆၈ | ၈၃၃ |
| လူမျိုးစု (၂)---[illegible] | ၃၁ | ၁၉ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၃၇၅ | ၁၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| | | | | ☐ | ☐ | လက်သမား | ☑ | ☐ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | | | | | |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| | | | | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | | | |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---[illegible]--- (၃) လူထုဗဟိုပြုစီမံကိန်း

(၂) ---[illegible]---

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible] ဦးခိုင်ဝင်း [illegible]

လက်မှတ် နေ့စွဲ 16.11.2017

လူထုစည်းရုံးရေးမှူး အမည် ဦးမိုးဇော်အောင်

လက်မှတ် [illegible] နေ့စွဲ 16.11.2017

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - နိုင်စိုးထိုက်အောင် |
| နေ့စွဲ - ၁၅.၁၁.၂၀၁၇ ; စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး ; မြို့နယ် - ကျောက်ကြီး ; ကျေးရွာအုပ်စု ဝင်းကြီး ; ကျေးရွာ ဝင်းကြီး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်း အခက်အခဲရှိခြင်း | ၁ | အလုပ်အကိုင်ရှားပါးခြင်း |
| ၂ | သောက်သုံးရေ အခက်အခဲရှိခြင်း | ၂ | သွားလာရန်ခက်ခဲခြင်း |
| ၃ | ကျန်းမာရေးစောင့်ရှောက်မှု မရှိခြင်း | ၃ | ကလေးများ ကျောင်း ကစားကွင်း အခက်အခဲရှိ |
| ၄ | အလုပ်အကိုင်များ နည်းပါးခြင်း | ၄ | ရင်းနှီးမတည်ငွေ အခက်အခဲရှိခြင်း |
| ၅ | ကမ်းပါးရေတိုက်စားမှု အခက်အခဲရှိခြင်း | ၅ | စိုက်ပျိုး/မွေးမြူရေး နည်းပညာများ ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်း ကောင်းမွန်စေရန် | ၁ | အလုပ်အကိုင်ပေါ်များလာစေခြင်း |
| ၂ | စက်ရေတွင်းများ ပြန်လည်တူးဖော်ပေးရန် | ၂ | ရွာတွင်းလမ်းများ ကောင်းမွန်လာစေခြင်း |
| ၃ | ကျေးရွာဆေးပေးခန်း ရရှိရန် | ၃ | ကျောင်းအား ကစားကွင်း ဖြစ်ပေါ်လာရန် |
| ၄ | အလုပ်အကိုင်အခွင့်အလမ်း ပေါ်များရန် | ၄ | ရင်းနှီးမတည်ငွေများ ရရှိလာစေရန် |
| ၅ | ကမ်းနား ရေကာတာဖြစ်ပေါ်လာရန် | ၅ | စိုက်ပျိုး/မွေးမြူရေး နည်းပညာများ ရရှိရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | တာဘင်ကျောင်းလမ်း | ကျား + မ | ၁၂,၀၀၀,၀၀၀ | ၁၇၅၁ |
| ၂ | စံပယ်ဆင်လမ်း | ကျား + မ | ၈,၀၀၀,၀၀၀ | ၁၇၅၁ |
| ၃ | ကန်သာယာလမ်း | ကျား + မ | ၁၃,၀၀၀,၀၀၀ | ၁၇၅၁ |
| ၄ | မဟာမင်းကြီးလမ်း | ကျား + မ | ၁၂,၀၀၀,၀၀၀ | ၁၇၅၁ |
| ၅ | ပန်းပဲလမ်း | ကျား + မ | ၅,၀၀၀,၀၀၀ | ၁၇၅၁ |

အမျိုးသားကျန်းမာရေးတွင်ဖြစ်သော အခက်အခဲများ

ဝင်ကြေး၊ ဆ.မ.က ကျောင်းဖြစ်ခဲ့ရင်းနှီးမရှိခြင်း
ရွာတွင်း ပျော်ဆွဲ့မှု မရှိခြင်း။
လမ်း(၂) ကျပ်း မရှိတော့ခြင်း၊
စိုက်ပျိုးရေး ကျောက်မှု ကောင်းမျိုး နှင့် နည်းပညာ မလုံလောက်ခြင်း။
ကျောင်းသား/သူများ ... မရှိခြင်း

အမျိုးသမီးများကျန်းမာရေးတွင်ဖြစ်သော အခက်အခဲများ

ကျန်းမာရေးများ ပြား ... နေရာ မရှိခြင်း
ဆေးဘက်ဆိုင်ရာ ဖြင့်ခြင်း
အလုပ်အကိုင် ... နည်းပါးခြင်း
အားထက်နေရ၊ ခက်ခဲခြင်း
ဘိုးကြီး ကျောင်းခြဲ ... ဖြင့်ခြင်း
အိမ်ဖြဖြင့်ခြင်း၊

အမျိုးသမီးများကျန်းမာရေးတွင်ဖြစ်သော ဖြေရှင်းချက်များ

ပျော်ရွှင်တဲ့ ... ဖြင့်ခြင်း၊

အမျိုးသားများကျန်းမာရေးတွင်ဖြစ်သော ဖြေရှင်းချက်များ

စိုက်ပျိုးရေး နည်းပညာနှင့် ... များ ရရှိစေရန်
ရွာတွင်း ... ရရှိစေရန်။
ကျေး ... ရရှိစေရန်
အားထက်ရေး ... များ ရရှိစေရန်
ရွာတွင်း လမ်း ... ဖြစ်စေရန်။

ယ။ လူလုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ကျောင်းသားသာလမ်း၏ ခြံစည်းရိုးကာခြင်း | အမျိုးသမီး | |
| ၂ | စက်မှုလက်မှုအတတ်ပညာသင်တန်း | အမျိုးသား + အမျိုးသမီး | |
| ၃။ | ကျောင်းဝင်းခြံစည်းရိုးကာခြင်း | အမျိုးသမီး | |
| ၄ | ကျေးရွာ ခုံးပေါ်ဆောက် | အမျိုးသား + အမျိုးသမီး | |
| ၅ | ရေကာတာ | အမျိုးသား + အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်--ဦးသိန်းဝိုင်း------ လက်မှတ်--Z4515-------------- နေ့စွဲ--၁၆.၁၁.၂၀၁၇----

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ကန်သာယာလမ်းဖို့ ခြံစည်းရိုးခတ်ခြင်း | ☑ မ<br>☐ ကျား | | |
| | ၂ | ကန်ထောက်ကြမ်း ခြံစည်းရိုး ခတ်ခြင်း | ☑ မ<br>☐ ကျား | | |
| | ၃ | ကျေးရွာဆုံမအဆောင် | ☑ မ<br>☑ ကျား | | |
| | ၄ | ရေကာတာ | ☑ မ<br>☑ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စက်မှုလက်မှုအတတ် ပညာသင်တန်း | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |

လူထုဗဟိုပြုစီမံကိန်း
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်
<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

ကျေးရွာ ........ဝင်းကြီး........
ကျေးရွာအုပ်စု ........ဝင်းကြီး........
အစည်းအဝေးပြုလုပ်သည့်နေရာ ........ဝင်းကြီး ကျေးရွာ ဓမ္မာရုံ........
အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........၁၅.၁၁.၂၀၁၇........
အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ........ဥက္ကဋ္ဌ နှုတ်ခွန်းဆက်စကား ဒုတိယအကြိမ် အစည်း အဝေး........

အစည်းအဝေး တက်ရောက်သူဦးရေ ။ ကျား ( ၇၁ ) ဦး + မ ( ၁၃၂ ) ဦး = ( ၂၀၃ ) ဦး
ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ရည်ရွယ်ချက်။ ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်ရွေးချယ်ခြင်း၊ ကော်မတီဝင်များ ပြန်လည်ဖွဲ့စည်းခြင်း

ဆွေးနွေးချက်။ ၊ ဥက္ကဋ္ဌနှုတ်ခွန်းဆက်စကား။ ဒုတိယအကြိမ် အစည်းအဝေးကို လက်တွေ့ နည်းပညာအဖွဲ့ ပါဝင်မှုဖြင့် သူ့ယောက်ျားမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုမှ ပြန်လည်ရွေးချယ်ရန် ရှိ/မရှိ ကို မေးမြန်းရာတွင် ကျေးရွာလူထုမှ ပြန်လည်ရွေးချယ်ရန် အဆိုအစရှိပါသည် ဟု ပြောသည်နှင့် အခက်အခဲ၊ အတားအဆီး နှင့် မျှော်မှန်းချက်များကို အမျိုးသား နှင့် အမျိုးသမီးများ အသီးသီး အဖွဲ့များ ခွဲစေကာ ဖော်ထုတ်စေပြီး၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ထွက်ပေါ်လာသည်အထိ ဆွေးနွေးခဲ့ပါသည်။

သဘောတူညီချက် ထွက်ပေါ်လာသောလုပ်ငန်းခွဲပေါင်း (၂၂)ခု ရှိခဲ့ပြီး၊ အဆိုပါလုပ်ငန်းခွဲများအား ဆဲစနစ်ဖြင့် ဦးစားပေးလုပ်ငန်းများအား ရွေးချယ်ခဲ့ကြပြီး၊ အကျုံးဝင်သော လုပ်ငန်းများနှင့် အကျုံးမဝင်သော လုပ်ငန်းများ အမှတ်ခွဲခြားပြီး ပုံစံ (စ-၃)တွင် အဆင့်အလိုက် ရေးသွင်းခဲ့ပါသည်။

**ဆွေးနွေးချက်** ။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်မှ ယခုနှစ်စက်တင်းတွင် ကျေးရွာလူထုကိုယ်စားပြုဖွဲ့စည်းထားသော ကျေးရွာစီမံကော်မတီ၊ ဝယ်ယူရေးဆပ်ကော်မတီ၊ လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ကျေးရွာငွေစာရင်းကိုင်နှင့် ဝေမျှအကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ စသည့် ကော်မတီဝင်များအားလုံးသည် ယခုနှစ်တွင် ဆက်လက်၍ တာဝန်ထမ်းဆောင်လိုသည် ဆန္ဒရှိ/မရှိ မေးမြန်းရာ ကျေးရွာလူထုနှင့် အုပ်ချုပ်ရေးမှူး

**ဆုံးဖြတ်ချက်**

**သဘောတူညီချက်**

တို့ရှေ့တွင် ဆက်လက်ပြီး တာဝန်ထမ်းဆောင်လိုပါသည်ဟု ကတိကဝတ်ပြုကြပြီး ကျေးရွာလူထုမှလည်း သဘောတူကြောင်း၊ ကန့်ကွက်ရန် မရှိကြောင်း ပြောကြားပြီး အားလုံး သဘောတူညီချက်ဖြင့် ဆုံးဖြတ်ခဲ့ကြပါသည်။

**ဆွေးနွေးချက်** ။ ထို့နောက် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီဝင်များအား ဆက်လက်၍ မေးမြန်းရာ ယခုနှစ်တွင်လည်း ဆက်လက်၍ တာဝန်ထမ်းဆောင်ပေးမည်ဖြစ်ကြောင်း၊ ကျေးရွာလူထုမှလည်း သဘောတူ လက်ခံပါကြောင်း ပြောကြားပြီး အားလုံး သဘောတူညီချက်ဖြင့် ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်မှ အစည်းအဝေးတက်ရောက်လာသူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ညနေ (၃:၀၀) တွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

(signature)

ဦးစိုးထိုက်အောင်

မှတ်တမ်းတင်သူ

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

| | |
|---|---|
| ရွာ | ဝင်းကြီးကျေးရွာ |
| ကျေးရွာအုပ်စု | ဝင်းကြီးကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ဝင်းကြီးကျေးရွာမြောက်ရပ် |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၁၅.၁၁.၂၀၁၅ |
| အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ | ၃ လပတ်သုံးနှစ်စက်ဝိုင်း ပထမအကြိမ်မြောက်အစည်းအဝေး |

အစည်းအဝေး တက်ရောက်သူဦးရေ ။ ကျား ( ၇၁ ) ဦး + မ ( ၁၃၂ ) ဦး = ( ၂၀၃ ) ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ရည်ရွယ်ချက်၊ ၊ ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းအကြောင်းသိရှိရန်၊ စီမံကိန်း လည်ပတ်ပုံနှင့် အဓိကတာဝန်ရှိသူများနှင့် ဝတ္တရား များကိုသိရှိစေရန်၊ ကျေးရွာစေတနာ့ဝန်ထမ်းများ ပြန်လည်အတည်ပြုရန်

ဆွေးနွေးချက်၊ ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းမှ စီမံကိန်းနှင့်ပတ်သက် ၍ အမှာစကား ပြောကြားခဲ့ပါသည်။ ၎င်းနောက် လူထုစည်း ရုံးရေးမှူး ဦးစိုးထိုက်အောင်မှ စီမံကိန်းမိတ်ဆက် (၁၅) ချက်၊ စီမံ ကိန်း စက်ဝိုင်း ၏အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့်အကြောင်း နှင့် အဓိကတာဝန်ရှိသူများနှင့် တာဝန် ဝတ္တရား များအကြောင်း ကို ကျေးရွာလူထုအား အသေး၊ အမြဲများဖြင့် နားလည်သိရှိ စေရန် ရှင်းပြပါသည်။ ထို့နောက် ၎င်းတွင် ပြောကြားခဲ့သည် များကို ကျေးရွာလူထုမှ မရှင်းလင်း နားမလည်သည်များ ရှိပါက ပြန်လည် မေးမြန်းနိုင်ပါကြောင်း ပြောကြားရာ၊ အစည်းအဝေး တက်ရောက်လာသော ကျေးရွာလူထုမှ နားလည်သဘောပေါက်ကြောင်း နှင့် မေးမြန်းရန် မရှိပါကြောင်း ပြောကြားသဖြင့် ပြောကြားခဲ့သည်များကို ပြန်လည်အနှစ် ချုပ် ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက်

ဆက်လက်ရှည် စည်းရုံးရေးမှူး ဦးစိုးတိုက်အောင်မှ ကျေးရွာစေတနာ့ဝန်ထမ်းများကို ပြန်လည်အတည်ပြုမည့်အကြောင်း ရှင်းပြခဲ့ပါသည်။ ထို့နောက် ကျေးရွာစေတနာ့ဝန်ထမ်းများဖြစ်သော ဦးစိုးဟန်၊ ဒေါ်စီစီမြင့်၊ ဒေါ်ဂျင်ဝေ တို့ကို ဆက်လက်ရှည် တာဝန်ထမ်းဆောင်လိုခြင်းရှိ၊ မရှိကို မေးမြန်းရာတွင် ၎င်းတို့မှ ပြန်လည်၍ တာဝန်ထမ်းဆောင်လိုကြောင်းကို ကျေးရွာလူထုမှလည်း သဘောတူညီကြောင်း၊ ကန့်ကွက်ရန်မရှိပါကြောင်း ပြောကြားပြီး သဘောတူညီစွာ ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးကို ခေတ္တရပ်နားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးကို ညနေ (၄း၂၅)နာရီ အချိန်တွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

ဦးစိုးတိုက်အောင်
မှတ်တမ်းတင်သူ

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊